**အခြေအမြစ်မရှိသည့်သတင်းများနှင့် စွပ်စွဲမှုများကို တစ်ဖက်သတ်ထုတ်လွှင့်မှုများသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်များကို ချိုးဖောက်၍ သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်**

**(၂၆-၁၂-၂၀၂၁ ရက်၊ နေပြည်တော်)**

ရန်ကုန်မြို့အခြေစိုက် အနောက်နိုင်ငံများမှ သံရုံးအချို့သည် ကရင်ပြည်နယ်တွင် ပေါ်ပေါက်နေသည့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်တွင် ပူးတွဲ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက အရပ်သား ပြည်သူများကို တိုက်ခိုက်နေသည့်ကိစ္စနှင့် အခြားစွပ်စွဲချက်များ ဖော်ပြပါရှိကြောင်း သိရှိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနသည် အဆိုပါသံရုံးများသို့ ဒီဇင်ဘာလ ၂၆ ရက် တွင် သံတမန်စာပေးပို့ပြီး ၎င်းကြေညာချက်တွင် ပါရှိသည့်အချက်များသည် စိစစ် အတည်ပြုနိုင်ခြင်း မရှိသည့်သတင်းများကို အခြေခံထားကြောင်း၊ အစိုးရဆန့်ကျင်သူများ၊ အကြမ်းဖက်သမားများနှင့် သောင်းကျန်းသူများထံမှ ရရှိသည့်သတင်းများဖြစ်ကြောင်း၊ အဆိုပါ အခြေအမြစ်မရှိသည့် သတင်းများနှင့် စွပ်စွဲမှုများကို တစ်ဖက်သတ် ထုတ်လွှင့်မှုများသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်များကို ချိုးဖောက်၍ သက်ဆိုင်ရာအိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ခြင်းဖြစ်သောကြောင့် ယင်းသို့ မပြုလုပ်ရန် သတိပေးခဲ့ကြောင်းနှင့် အဆိုပါ ထုတ်ပြန်ကြေညာချက်ကိုလည်း ကန့်ကွက်ခဲ့ကြောင်း သိရှိရသည်။

မြန်မာ့အလင်း (၂၇-၁၂-၂၀၂၁)

News Cutting

It is learnt that some western embassies in Yangon issued a joint statement on 24 December 2021 regarding the attacks in Kayin State. It is observed that the joint statement contained matters related to the attacks on civilians and accusations against security forces.

It is reported that the Ministry of Foreign Affairs sent diplomatic notes to respective embassies on 26 December and expressed their joint statement is based on unverifiable sources such as anti-government elements, terrorists and insurgent groups. The Ministry also warned that such kind of statement meddled in the internal affairs of the receiving State and violated the principles stipulated in the Vienna Convention on Diplomatic Relations and the Charter of the United Nations. It is also learnt that the Ministry expressed its objection to the said joint statement.

Source: The Global New Light of Myanmar (27-12-2021)